

# အင်မော်တယ်ဖေဖေ

(ကျန်းဟာန်)

ဘာသာပြန် စာရေးဆရာ - ကျော်စွာလင်း

စာစဉ် – ၈၉

## အခန်း (၉၅၁)
## အဆိပ်ခါးမြောင်
*

လေနှင်းကျောင်းတော်ဘက်မှာတော့...

သူတို့၏အဖွဲ့ဝင်အားလုံးမှာ အနည်းငယ် စိတ်မသက်မသာ ဖြစ်နေပုံရသည်။

ရှီဖုန်းဟို၏မျက်နှာမှာ ဖြူဖျော့နေ၏။

"သူ... သူက ကောင်းကင်နယ်ပယ်အထွတ်အထိပ်အဆင့်ကလူတွေကို သတ်နိုင်တယ်ပေါ့..."

ရှီဖုန်းဟိုက ကျန်းဟန်ယန် ကောင်းကင်အစောပိုင်းအဆင့်နှင့် ကောင်းကင်အလယ်အဆင့်မှလူများကို သတ်နိုင်ကြောင်း သက်သေပြခဲ့စဉ်က မယုံနိုင်လောက်အောင် အားကောင်းနေပြီဟု ထင်ခဲ့သည်။ သို့သော်လည်း ကျန်းဟန်ယန်တစ်ယောက် ကောင်းကင်နယ်ပယ်အထွတ်အထိပ်အဆင့်မှလူများကိုပင် သတ်နိုင်လိမ့်မည်ဟု သူ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ပေ။

မျက်နှာချင်းဆိုင်ဘက်တွင် ရပ်နေသော ယဲ့လုံယွမ်မှာ မစင်တစ်လုတ် စားလိုက်ရသကဲ့သို့ ဖြစ်နေသည်။

သူက အကြွေးကို ဘယ်လိုဆက်ပြီး ရှောင်တိမ်းနိုင်ပါတော့မည်နည်း။

ယခု သူက သလင်းကျောက် (၄၀,၀၀၀) ပေးရတော့မည်...

ယဲ့ထျန်းလန်မှာ စိတ်လှုပ်ရှားနေသည်။

"ကျန်းဟန်ယန်က အရမ်းအားကောင်းတယ်။ ဟားဟားဟား... ကောင်းကင်သူရဲကောင်းဂိုဏ်း အဆင်ပြေသွားမှာပဲ။ အရှင်ဝူမင်ကလည်း သူတို့ကို ကူညီဖို့ ဒီမှာရှိနေတယ်။ ခဏနေဦး... သူ့ဘေးက လူမည်းက ဘယ်သူလဲ။ ဘာလို့ ငါ သူ့ကို အရင်က မမြင်ဖူးရတာလဲ"

စကားပြောနေရင်းဖြင့် ယဲ့ထျန်းလန်မှာ အနည်းငယ် နားမလည်နိုင် ဖြစ်သွားသည်။ သူက ထိုလူမည်းမှာ မည်သူဖြစ်သည်ကို တွေးတောလာသည်။

'သူက သေမျိုးလောကက လူမည်းတစ်ယောက်နဲ့ မတူဘူး။ သူ့အသားအရောင်က... ဘာလို့ သူက ရှေးဟောင်းမိုင်းတွင်းက အမှောင်စစ်သည်တစ်ယောက်နဲ့ တူနေရတာလဲ'

"ဒါဆို မင်းက ကျန်းဟန်ယန်ပေါ့၊ ဟုတ်တယ်မလား"

နန်ရှီဆန်မှာ ကျန်းဟန်ကို မြင်ရသည်ကို မပျော်ရွှင်ပေ။ ကျန်းဟန်က ကျန်းဆန်ကို ဤမျှ အလွယ်တကူ သတ်ပစ်လိုက်သည်အား မြင်သောအခါ နန်ရှီဆန်မှာ ပါးရိုက်ခံလိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။

ကျန်းဟန်က သူ့ကို မထူးမခြားနား တစ်ချက်ကြည့်ကာ သူ့မေးခွန်းကို လျစ်လျူရှုလိုက်သည်။ ထို့နောက် သူက အကြည့်လွှဲ၍ လေနှင်းကျောင်းတော်မှ မဟာအကြီးအကဲဘက်သို့ လှည့်လိုက်သည်။

"ငါတို့ဂိုဏ်းနှစ်ခုကြားက အငြင်းပွားမှုအတွက်ကတော့ ငါ ဘာမှပြောစရာမရှိဘူး။ အင်း... အစကတော့ ငါက ရှေးဟောင်းမိုင်းတွင်းကနေ ထွက်ပြီးတာနဲ့ လေနှင်းကျောင်းတော်ကို ဖျက်ဆီးပစ်ဖို့ စီစဉ်ထားခဲ့တာ"

စကားပြောနေရင်းဖြင့် ကျန်းဟန်က ကျန်းကွမ်းယိုကို တစ်ချက်ဖြင့် ကြည့်လိုက်သည်။ သူ၏အကြည့်ထဲ၌ မိမိကိုယ်ကိုယ် အပြစ်တင်မှုတို့ ပါဝင်နေ၏။

"ဒါပေမဲ့ ဒီမဖြစ်စလောက်ကောင်တွေ ပေါ်လာပြီး တိုက်ပွဲကို နည်းနည်းစောအောင် ရွှေ့လိုက်တာက ငါ့ကို အံ့အားသင့်စေတယ်။ အခု ငါပြန်လာပြီဆိုတော့ တိုက်ပွဲကို ဆက်ကြတာပေါ့"

"ဟုတ်တယ်..."

ကျန်းကွမ်းယိုက ခေါင်းကို နောက်သို့လှန်၍ ရယ်မောလိုက်သည်။ သတ်ဖြတ်လိုစိတ်တို့ ပြည့်နှက်နေသောလေသံဖြင့် သူက ပြောလိုက်သည်။

"စကားတွေ အများကြီး မလိုဘူး။ တိုက်ကြစို့... သူတို့ကို သတ်ပစ်..."

ကောင်းကင်သူရဲကောင်းဂိုဏ်း၏စိတ်ဓာတ်မှာ တစ်ဖန်ပြန်လည် မြင့်တက်လာသည်။ သူတို့၏အင်အားစုများက ရန်သူများထံသို့ မည်းမှောင်နေသော တိမ်တိုက်များကဲ့သို့ လွှမ်းမိုးမှုအပြည့်ဖြင့် ပြေးဝင်သွားကြသည်။

တောက်ဖူအပါအဝင် သခင်များမှာ သူ၏စကားကို ကြားပြီးနောက် မပျော်မရွှင်ဖြစ်သွားသည်။ သူတို့က ခွန်းလွန်အင်မော်တယ်ကမ္ဘာမှ သခင်များ ဖြစ်ကြ၏။

သို့သော် ကျန်းဟန်က သူတို့ကို မဖြစ်စလောက်ကောင်များဟု ဘယ်လိုလုပ်ပြီး ရည်ညွှန်းနိုင်သနည်း။

"ဒါ..."

တောက်ဖူ၏မျက်နှာက (၂) စက္ကန့်မျှ တောင့်တင်းသွားသည်။ ထို့နောက် သူက ဤကိစ္စတွင် ဝင်မစွက်ဖက်ရန် ရည်ရွယ်၍ နောက်ထပ်သက်ပြင်းတစ်ချက် ချလိုက်သည်။

လန်ဖန်ကတော့ နောက်ဆုတ်မည့်အစား ကြောက်မက်ဖွယ်ရာ အပြုံးနှင့် ပြောလိုက်သည်။

သူက အော်ဟစ်လိုက်သည်။ "ကောင်းတယ်... နောက်ဆုံးတော့ သင့်တော်တဲ့ပြိုင်ဘက်တစ်ယောက် ရောက်လာပြီ"

"ငါတို့က ရွှေအမြုတေနယ်ပယ်က တန်ခိုးကြီးကျင့်ကြံသူတွေပဲ" ယွမ်ပင်းက အေးစက်သောလေသံဖြင့် ပြောလိုက်သည်။ "ဒါပေမဲ့ ငါတို့စွမ်းအားက ဒီမှာ ဖိနှိပ်ခံထားရတာ။ ငါတို့သာ ဖိနှိပ်မခံထားရရင် မင်းလိုကောင်ကို အကြည့်တစ်ချက်တည်းနဲ့ သတ်ပစ်နိုင်တယ်"

"မင်းက ငါတို့ကို မဖြစ်စလောက်ကောင်တွေလို့ ခေါ်ရဲတယ်လား။

ဟီးဟီး၊ ငါမင်းကို ပြောလိုက်မယ်၊ ငါတို့ရဲ့စွမ်းအားက ဒီကမ္ဘာမှာ ဖိနှိပ်ခံထားရပေမဲ့ ငါတို့ရဲ့ခွန်အားက ရွှေအမြုတေနယ်ပယ်နဲ့ နီးနီးကပ်ကပ် ရှိနေတုန်းပဲ။ မင်းကိုယ်မင်း ဘာထင်နေတာလဲ"

"မင်းက ရွှေအမြုတေနယ်ပယ်ကိုတောင် မရောက်သေးဘဲ ငါတို့ရှေ့မှာ ဟန်လုပ်ရဲရအောင် မင်းက ဘယ်ကနေ သတ္တိတွေ ရနေတာလဲ။ ငါ မင်းတို့အားလုံးကို သတ်ပစ်မယ်..."

"ဂျိန်း..."

ရုတ်တရက် ကျန်းဟန်ဘေးမှ လူမည်းက ရှေ့သို့ ပျံသန်းသွားသည်။ ပျံသန်းနေစဉ်တွင် အကြေးခွံများက သူ၏ခန္ဓာကိုယ်ကို ဖုံးလွှမ်းလာသည်။

"ဖူး..."

ဤသည်ကို မြင်သောအခါ သုန့်ချန်က ယိမ်းယိုင်သွားကာ အော်ဟစ်လိုက်သည်။ "နဂါးအကြေးခွံမြို့ရဲ့ မြို့အရှင်လား"

မယုံကြည်နိုင်သည့် အမူအရာက သုန့်ချန်၏မျက်နှာပေါ်တွင် ထွက်

ပေါ်လာသည်။

"ဘာ... သူက နဂါးအကြေးခွံမြို့ရဲ့ မြို့အရှင်လား"

ထိုစကားများက တည်ငြိမ်သောရေထဲသို့ ကျောက်တုံးတစ်တုံး ပစ်ချလိုက်သကဲ့သို့ ဆူညံပွက်လောရိုက်သွားစေသည်။

လေနှင်းကျောင်းတော်မှ မဟာအကြီးအကဲ၊ ကောင်းကင်သူရဲကောင်းဂိုဏ်းမှ အကြီးအကဲများနှင့် ပတ်ဝန်းကျင်ရှိ လူထောင်ပေါင်းများစွာအားလုံး အသက်ရှူရပ်သွားကြသည်။ တုန်လှုပ်မှုနှင့် ထိတ်လန့်မှုတစ်စကို သူတို့၏မျက်လုံးများထဲတွင် တွေ့မြင်နိုင်ပေသည်။

"နဂါးအကြေးခွံမြို့ရဲ့ မြို့အရှင်လား"

"မဖြစ်နိုင်ဘူး... ရှေးဟောင်းမိုင်းတွင်းက အမှောင်စစ်သည်တွေ အခုအပြင်ကို ထွက်လာနိုင်ပြီဆိုတာ မယုံနိုင်ဘူး... ငါ... ငါ... လောကကြီးကို ပြောင်းလဲစေမယ့် အပြောင်းအလဲတစ်ခု ဖြစ်တော့မှာလား"

လူများစွာမှာ ကြောက်လန့်သွားကြသည်။

အမှောင်စစ်သည်များမှာ မည်မျှ အားကောင်းသနည်း။

အမှောင်အရိပ်မျိုးနွယ်မှ မြို့တစ်မြို့တည်းက ကမ္ဘာငယ်လေးများမှ ဂိုဏ်း (၁၀) ဂိုဏ်းကျော် ပေါင်းထားသည်နှင့် ယှဉ်နိုင်ပေသည်။ ပြီးတော့ ကမ္ဘာငယ်လေးများတွင် ဂိုဏ်းဘယ်နှခု ရှိသနည်း။

(၁၀၀) အောက်သာ ရှိသည်။

သို့သော် အမှောင်အရိပ်မျိုးနွယ်မှာ ပြင်ပနယ်မြေတွင် မြို့ဘယ်နှမြို့ ရှိသနည်း။ စုစုပေါင်း မြို့ (၁၀၈) မြို့ ရှိသည်ဟု ဆိုကြသည်။

ထို့ကြောင့် သူတို့၏စွမ်းအားမှာ ကမ္ဘာငယ်လေးများရှိ ဂိုဏ်း (၁,၀၀၀) ကျော်မှ သခင်များအားလုံး ပေါင်းထားသည်နှင့် တန်းတူ ဖြစ်သည်...

အမှောင်စစ်သည်များသာ အားလုံး ထွက်လာနိုင်ပါက သူတို့က ကမ္ဘာငယ်လေးများအားလုံးကို ချက်ချင်း သိမ်းပိုက်နိုင်လိမ့်မည်မဟုတ်လား။

သို့သော် ထိုထက်ပို၍ စိုးရိမ်စရာများ သေးသည်။ အဘယ်ကြောင့်ဆိုသော် ရှေးဟောင်းမိုင်းတွင်း၌ အကြောက်မက်ဖွယ်အကောင်းဆုံး သတ္တဝါများမှာ ကြောက်မက်ဖွယ်သားရဲများ ဖြစ်သောကြောင့်ပင်။

ဤသတင်းကို ကြားသောအခါ လူများစွာမှာ ကြောက်လန့်လွန်း၍ သူတို့၏နှလုံးခုန်နှုန်းများ ရပ်တန့်လုနီးပါး ဖြစ်သွားသည်။

"ငါတို့ ကံဆိုးမိုးမှောင်ကျပြီ"

"ကမ္ဘာငယ်လေးတွေက မလုံခြုံတော့ဘူး"

"သတ်..."

လမ်းတွင် စစ်နန်က တရုတ်ဘာသာစကားအနည်းငယ်ကို သင်ယူထားခဲ့သည်။ ယခုအချိန်တွင် သူက "သတ်" ဟူသောစကားလုံးကို တရုတ်ဘာသာဖြင့် အော်ဟစ်လိုက်သည်။

လန်ဖန်သည် စစ်နန်၏ အံ့သြဖွယ်ရာလှုပ်ရှားမှုကို မြင်သောအခါ သူ၏ဦးရေပြားမှာ အနည်းငယ် ထုံကျင်သွားသည်။

သူက သူ့ထံသို့ ပြေးလာနေသောလူ၏ အကာအကွယ်ကို မချိုးဖျက်နိုင်ကြောင်း ပြောနိုင်သည်။

"ဒါက ဖြေရှင်းရခက်တဲ့လူတစ်ယောက်ပဲ..."

လန်ဖန်က အံကြိတ်၍ သူ့ညာလက်ထဲတွင် ဓားမြှောင်တစ်လက် ပေါ်လာသည်။

ထို့နောက် သူက ကျန်းဟန်ကို မကောင်းဆိုးဝါးဆန်စွာ စိုက်ကြည့်လိုက်၏။

လန်ဖန်၏အမြင်အရ ထိုလူကို အရင်သတ်ပစ်လိုက်လျှင် အကောင်းဆုံး ပင် ဖြစ်သည်။

သူ အကြံအစည်ထုတ်နေစဉ်မှာပင် ဂူမင်က အရက်နှစ်ငုံလောက် မော့ သောက်လိုက်ပြီးနောက် ပြောလိုက်သည်။ "လူအင်အားများတာနဲ့ လူအင်အားနည်းတာကို တိုက်ခိုက်ရတာ ဘာမှ ပျော်စရာမရှိဘူး။ ငါ... ငေ့... ငါ မင်းတို့ကို သူတို့ထဲက နှစ်ယောက်ကို ထိန်းထားပေးမယ်"

သူစကားပြောနေစဉ်မှာပင် သူ၏လက်ထဲတွင် အပြာရောင်ဓားရှည်တစ် ချောင်း ပေါ်ထွက်လာသည်။ နောက်ထပ် စကားမဆိုတော့ဘဲ သူက ဂူရှီနှင့် ယွမ်ပင်းတို့ကို စတင်တိုက်ခိုက်လိုက်၏။

ဂူမင်က တိုက်ပွဲတွင် ဤမျှလောက် ပြင်းထန်လိမ့်မည်ဟု မည်သူမျှ မ မျှော်လင့်ထားခဲ့ပေ။ သူက ဓားကွက်အမျိုးမျိုးကို အသုံးပြု၍ ထိုနှစ်ယောက် ကို အလွန်လွယ်ကူစွာ ဖိနှိပ်ထားနိုင်ခဲ့သည်။ သူက အလွန်ကျွမ်းကျင်လွန်း သဖြင့် တိုက်ပွဲအလယ်တွင် အရက်မော့သောက်ရန်ပင် အချိန်ရသေး၏။ သူ၏ မူးယစ်နေပုံက ကြည့်ရှုနေသူများစွာကို စိတ်ဝင်စားသွားစေသည်။

ဤတစ်ကြိမ်တွင် လေနှင်းကျောင်းတော်၏ မဟာအကြီးအကဲမှာ သူ၏ဆန္ဒ ပြည့်ဝသွားခဲ့သည်။ နောက်ဆုံးတွင် သူက သုန့်ချန်နှင့် ယှဉ်ပြိုင် တိုက်ခိုက်ခွင့် ရခဲ့လေသည်။ ထို့ကြောင့် အင်အားစုနှစ်ခုမှာ နောက်တစ် ကြိမ် တိုက်ပွဲထဲသို့ ပါဝင်လာကြပြန်သည်။

သို့သော် တိုက်ခိုက်ရေးစိတ်ဓာတ်အရဆိုလျှင် ကောင်းကင်သူရဲကောင်း ဂိုဏ်းက ပို၍ အားမာန်ပြင်းပြနေသည်။ လေနှင်းကျောင်းတော်မှာမူ ဆုံးရှုံး မှုများပြားသည့်အတွက် သူတို့က အလွန်သတိထား၍ တိုက်ခိုက်ကြသည်။ စိုးရိမ်ကြောင့်ကြမှုနှင့် ကြောက်ရွံ့မှုတို့က သူတို့ကို လွှမ်းမိုးထားသဖြင့် တစ်ဖက်လူထံတွင် ဆက်တိုက် အရေးနိမ့်နေခဲ့၏။

ဤတိုက်ပွဲက ခွန်းရှုကမ္ဘာမှ လူအချို့နှင့် ကျန်းဟန်ယန်၏အဖွဲ့မှ လူသုံးယောက်ကြားက ပြိုင်ပွဲတစ်ခု ဖြစ်လာပုံရသည်။ မည်သူပဲ တိုက်ပွဲကို အနိုင်ရသည်ဖြစ်စေ တိုက်ပွဲတစ်ခုလုံး၏ ရလဒ်ကို ပြောင်းလဲနိုင်စွမ်း ရှိ၏။

ကျန်းဟန်က လေထဲတွင် ခြေလှမ်းများ စတင်လှမ်းလိုက်သည်။ သူက ဖြည်းညင်းသောနှုန်းဖြင့် လျှောက်နေပုံရသော်လည်း အမှန်တကယ်တွင် ခြေလှမ်းအနည်းငယ်အတွင်း၌ နန်ရှီဆန်ထံသို့ ရောက်ရှိသွားသည်။

ဘယ်ဘက် မီတာတစ်ရာအကွာတွင် လန်ဖန်နှင့် မြို့အရှင်စစ်နန်တို့မှာ ပြင်းထန်သော တိုက်ပွဲထဲသို့ ရောက်နေကြပြီ ဖြစ်သည်။

သိုင်းကွက်သုံးကွက်မျှ အပြန်အလှန်ဖလှယ်ပြီးနောက် လန်ဖန် အနည်းငယ် မကျေမနပ် ဖြစ်သွားသည်။

သာမန်အချိန်များတွင် တိုက်ပွဲက ခွန်းလွန်အင်မော်တယ်ကမ္ဘာ၌ ဖြစ်ပွားခဲ့လျှင် သူက သူ့ပြိုင်ဘက်ကို သိုင်းကွက်တစ်ကွက်တည်းဖြင့် သေအောင် ရိုက်သတ်နိုင်ပေသည်။ သို့သော် ယခုမူ သူက စစ်နန်၏အရေပြားပေါ်တွင် ခြစ်ရာတစ်ခုပင် မချန်ထားနိုင်ခဲ့ပေ။

ထို့ကြောင့် သူက နန်ရှီဆန်ထံသို့ အကြည့်တစ်ချက် လျင်မြန်စွာ ကြည့်လိုက်သည်။

"သွား"

"ရွှစ် ရွှစ်…"

နန်ရှီဆန်က သူ၏ တောက်ပသောလမျက်လုံးကို နောက်တစ်ကြိမ် အသက်သွင်းလိုက်၏။ ဤတစ်ကြိမ်တွင် သူက အစွမ်းကုန် ထုတ်သုံးခဲ့သည်။ သူ၏မျက်လုံးများမှ ထွက်ပေါ်လာသော အလင်းတန်းနှစ်ခု၏ တစ်ခုချင်းစီမှာ အရွယ်ရောက်ပြီးသူတစ်ယောက်၏ ခါးလောက်နီးပါး ထုထဲလှ

သည်။

ကျန်းဟန်က သူ၏ညာလက်ကို လေထဲတွင် ပုတ်လိုက်ပြီး တောက်ပသောလမျက်လုံး၏ စွမ်းအားကို အဆက်မပြတ် လျော့ပါးသွားစေရန်အတွက် သန့်စင်သော စိတ်ဝိညာဉ်စွမ်းအားဖြင့် အကာအကွယ်အလွှာတစ်ခု ဖန်တီးလိုက်သည်။

သို့သော် နောက်တစ်စက္ကန့်တွင်-

"ဒုန်း"

ခဏအကြာက စစ်နန်၏ရှေ့တွင် ရှိနေခဲ့သော လန်ဖန်က ထူးဆန်းစွာပင် ကျန်းဟန်၏နောက်သို့ ရောက်ရှိလာပြီး ကျန်းဟန်၏နောက်ကျောကို သူ၏ဓားမြှောင်ဖြင့် ထိုးစိုက်ရန် ကြိုးပမ်းလေသည်။

"ငါ ဟိုကောင်ရဲ့ အကာအကွယ်ကို မချိုးဖျက်နိုင်ပေမဲ့ ကျန်းဟန်ယန် မင်းကတော့ သေရမယ်"

လန်ဖန်က ကျန်းဟန် မတုံ့ပြန်နိုင်ခင်မှာပင် သူ့ကို ဓားမြှောင်ဖြင့် ထိုးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

လန်ဖန် ခုလေးတင် အသုံးပြုလိုက်သည့် လျှို့ဝှက်နည်းစနစ်က သူ့ကို အောင်ပွဲများစွာ ရရှိစေခဲ့ဖူးသည်။ ထို့ကြောင့် သူက သေမျိုးလောကမှ သိုင်းပညာရှင်တစ်ယောက်မျှသာ ဖြစ်သော ကျန်းဟန်ယန်အပေါ်တွင်လည်း အသုံးဝင်လိမ့်မည်ဟု ယုံကြည်နေ၏။

သူ၏ဓားမြှောင်က ချွန်ထက်သောလက်နက်တစ်ခုမျှသာ မဟုတ်ပေ။ ၎င်းကို အသက်ကိုးသက်အဆိပ်ထဲတွင် နှစ်ပေါင်း (၃၀) ကြာအောင် စိမ်ထားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဓားသွားနှင့် ထိမိသည်နှင့်တစ်ပြိုင်နက် ရွှေအမြုတေအဆင့်များပင် သေဆုံးကြရပေမည်။

နန်ရှီဆန်ကလည်း ဤအချက်ကို သိထားသည်။ သူက သူ့မျက်လုံးများကို အနည်းငယ် မှေးလိုက်ပြီး မည်သည့်လှုပ်ရှားမှုကိုမှ မပြုလုပ်တော့ပေ။ သူက ပွဲကြည့်နေခြင်း၊ တစ်နည်းအားဖြင့်ဆိုသော် ကျန်းဟန်ယန်၏ သေဆုံးမည့်အချိန်ကို အရသာခံရန် စောင့်ဆိုင်းနေခြင်း ဖြစ်သည်။

နန်ရှီဆန်၏ မျှော်လင့်တကြီးအမူအရာက လန်ဖန်၏ အစွမ်းထက်ပုံကို သက်သေပြရန် လုံလောက်သည်မှာ သံသယဖြစ်ဖွယ်မရှိပေ။

အားနည်းသူများက အားကြီးသူများ၏ သနားကြင်နာမှုကို မရရှိနိုင်ချေ။

"ရှောင်ဟန်"

သုန့်ချန်၏ မျက်ဆံများက ထိတ်လန့်တုန်လှုပ်မှုကြောင့် ကျုံ့သွားသည်။

ကျန်းကွမ်းယို၏ မျက်နှာက သိသိသာသာ ပြောင်းလဲသွား၏။

လန်ဖန်၏ တိုက်ခိုက်မှုက ဤမျှလောက် အညှာအတာကင်းမဲ့လိမ့်မည်ဟု သူ လုံးဝ မထင်ထားခဲ့ပေ။ ထိုဓားမြှောင်က ကျန်းဟန်ကို အမှန်တကယ် ထိုးမိသွားခဲ့လျှင် သူ မည်မျှ ပြင်းထန်စွာ ဒဏ်ရာရသွားမည်နည်း။

ကျန်းဟန်သာ ဤမျှ အစွမ်းထက်သော သိုင်းပညာရှင်တစ်ယောက်၏ ထိုးနက်ခြင်းကို ခံရပါက သူ သေသွားနိုင်ခြေ အခွင့်အရေးများကြောင်း လူတိုင်း သူတို့၏နှလုံးသားထဲတွင် သိထားကြသည်။

"ဆရာ"

ကျောက်ဖုန်း၏ နှလုံးသားမှာ ရပ်တန့်သွားပုံရပြီး သူ၏မျက်နှာတွင် အသက်ရှူကျပ်သလို ခံစားချက်တစ်ခု ပေါ်ပေါက်လာသည်။

မုရွှယ်၊ ဂိုဏ်းချုပ်မု၊ ကျန်းယန်လန်၊ ဂိုဏ်းချုပ်ကျန်း၊ ပြောင်းလဲခြင်းမိုဂိုဏ်းချုပ်၊ ရှီဖုန်းဟို၊ ယဲ့ထျန်းလန်နှင့် ပတ်ဝန်းကျင်ရှိ လူထောင်ပေါင်းများစွာအားလုံးက သူတို့၏မျက်လုံးများကို ကျန်းဟန်အပေါ်တွင် စူးစိုက်ထား

ကြသည်။

သူတို့က မှိန်ဖျော့သောအလင်းဖြင့် တောက်ပနေသော ဓားသွားက အောက်ဘက်သို့ ဖြည်းဖြည်းချင်း ဆင်းသက်လာသည်ကို ကြည့်နေကြ၏။

အခန်း(၉၅၁)ပြီး

***